
mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

တူဒေးစာအုပ်တိုက်
အတွေးအမြင်စာစဉ် (၃၄)



သင့်ဘဝတွင် နာကျင်မှုဒုက္ခဝေဒနာနှင့် ရုန်းကန်နေရပါသလား။
မည်မျှခံစားနေရပါစေ၊ လက်မြှောက်အရှုံးမပေးပါနှင့်။
မျှော်လင့်ချက်ကင်းမဲ့နေပြီဟု အခြားသူများ ထင်မှတ်ကြသောအချိန်မှာပင်လျှင်
မဆုတ်မနစ် ဇွဲလုံ့လနှင့် ဆက်လက်လုပ်ဆောင်မည်ဆိုပါက
အောင်မြင်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းအတွက် မျှော်လင့်ချက် ရှိနေသေးသည်ပင်။
ယုံကြည်ခြင်းအားဖြင့် ထာဝရအသက်နှင့်ယှဉ်သော ဝမ်းမြောက်ပျော်ရွှင်ခြင်းသည်
ယခုဘဝ နာကျင်ခံစားမှုများအပေါ် အောင်ပွဲဆင်သွားမည်ဖြစ်သည်။

# အကန့်အသတ်မဲ့လူသားနှင့် ယုံကြည်ခြင်း သင်ခန်းစာများ

ရန်ဝင်း

**Believe, Belong, Become**

*Story edited by Ignatius Ho & Ding*
*Illustrated by Dreamergo*



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



တူဒေးစာအုပ်တိုက်

အမှတ် H ၊ လှိုင်မြစ်ပြင်ရိပ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
ဘီ - ၆၊ ၇၁ လမ်း၊ ၃၀ × ၃၁ လမ်းကြား၊ ဆောက်လုပ်ရေးတိုက်တန်း၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၉၁၀ ၂၇၅၂၄

mgyoe.com

mgyoe.com SAMPLE BOOK

တူဒေးစာအုပ်တိုက်
ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ (၅၀၀)
တန်ဖိုး (၂,၅၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း
ဇာလင်းထက်
ထုတ်ဝေသူ
ဒေါက်တာသာထွန်းဦး (၀၀၇၉၈)
တူဒေးစာအုပ်တိုက်
အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးဝင်းဗိုလ် (၀၀၆၁၆)
ဂျူးဂျူးပုံနှိပ်တိုက်
အမှတ် ၄-ဘီ၊ ဦးဖိုးမင်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်
စာမူ မူပိုင်© - တူဒေးစာအုပ်တိုက်

၆၅၈
ရန်ဝင်း
အကန့်အသတ်မဲ့လူသားနှင့် ယုံကြည်ခြင်းသင်ခန်းစာများ/ရန်ဝင်း။
—— ရန်ကုန်၊ တူဒေးစာပေ၊ ၂၀၁၅။
၉၀ စာ၊ ၁၈ စင်တီ။ —— (အတွေးအမြင်စာစဉ် - ၃၄)
မူရင်းအမည် - Believe, Belong, Become
(၁) ဘာသာပြန်သူ - ရန်ဝင်း
(၂) အကန့်အသတ်မဲ့လူသားနှင့် ယုံကြည်ခြင်းသင်ခန်းစာများ

mgyoe.com

mgyoe.com SAMPLE BOOK



*Dedicated to*

mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူအမှာ

ဩစတြေးလျနိုင်ငံသား နိခ်ဗူဂျီချိခ် (Nick Vujicic) သည် လူ့လောကသို့ လက်မပါ ခြေဗလာဖြင့် ဝင်ရောက်လာခဲ့သည်။ လက်ခြေမပါသဖြင့် သူ့ဘဝတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ငယ်ဘဝ ကျောင်းနေအရွယ်တွင် အခြားကလေးများ၏ နောက်ပြောင်ကျီစယ် ခြင်းကို ခံခဲ့ရသည်။ အရာရာကို မိမိသဘောအတိုင်း မလုပ်နိုင်ဘဲ မိဘများအပေါ်တွင်သာ မှီခို အားထားခဲ့ရသည်။ အများနှင့်လည်း မတူ တစ်ပါးသူများ၏ ကျီစယ်နောက်ပြောင်ခံရ၊ မိဘများ အပေါ်မှာသာ မှီခိုအားထားနေရသဖြင့် သူ့အသက် ၁၅ နှစ်အထိ မိမိကိုယ်ကို စိတ်အားငယ်စွာ နေခဲ့ရသူဖြစ်သည်။ မိမိကိုယ်ကို အဆုံးစီရင်ရန်ကိုပင် စဉ်းစားခဲ့ဖူးသေးသည် ဆို၏။ သူ့နေရာ မှာ ကိုယ်သာဆို ဘယ်လိုခံစားရမည်မှန်း အမှန်တကယ်ပင် မစဉ်းစားချင်။

သို့သော် သူသည် ဘဝကို အရှုံးမပေး၊ မိမိကိုယ်မိမိ ခြေလက်အင်္ဂါမဲ့လူသားဟု မမြင်ဘဲ အကန့်အသတ်မဲ့လူသားအဖြစ် ရှုမြင်ပြီး ဘဝအားမာန်အပြည့်ဖြင့် ကြိုးစားခဲ့ရာ ကမ္ဘာတစ်ဝန်းတွင် ထင်ရှားသော ဘဝအားမာန်ပေးသော၊ စိတ်ဓာတ်မြှင့်တင်ပေးသော တရားဟောဆရာတစ်ဦးဖြစ် လာခဲ့ကာ နိုင်ငံပေါင်း ၅၀ ကျော်သို့ သွားရောက် တရားဟောခဲ့သည်။ သူ၏မျက်နှာပေါ်တွင်လည်း တောက်ပသော အပြုံးတစ်ခု အမြဲရှိနေပြီ။

အကန့်အသတ်မဲ့လူသား နိခ်၏ သူ့ဘဝဇာတ်ကြောင်းများနှင့် ဘဝသင်ခန်းစာများ၊ သူ၏ယုံကြည်မှုအကြောင်းများ၊ ဘဝအားမာန်ပေးသော၊ စိတ်ဓာတ်မြှင့်တင်ပေးသော အတွေး အခေါ် အယူအဆများနှင့် သူ၏ဘဝဒဿနများပါဝင်သော ဤစာအုပ်သည် စာဖတ်သူများအတွက် အနည်းဆုံးတစ်စုံတစ်ခုတော့ ပြောင်းလဲလာရန် အကူအညီပေးနိုင်မည်ဟု ယုံကြည်ပါသည်။

တူဒေးစာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ



နိဒ်ပူဂျီချိန်အကြောင်း တစေ့တစောင်း
နိဒါန်း - "Give Me a Hug" သုံးတွဲစာစဉ်
အခန်း(၁) အမယ်လေး ဘယ်လိုဟာကြီးပါလိမ့်
အခန်း(၂) ခြေလက်များ ပေးသနားတော်မူပါဘုရား
အခန်း(၃) ရှိသည့်အတိုင်း ဘုရားသခင်ငါ့ကိုချစ်



mgyoe.com

mgyoe.com SAMPLE BOOK


အခန်း(၄) ကျွန်ုပ်အတွက် ဘုရားသခင်၏ အကြံအစည်တော်

အခန်း(၅) ဘုရားခေါ်သံ ကြားရပြီ

အခန်း(၆) အကြီးမြတ်ဆုံး အံ့သြဖွယ်ရာ

အခန်း(၇) တစ်ကြိမ်မက အသက်ရှင်ခဲ့သည်

အခန်း(၈) အားလုံးအတွက် ကယ်တင်ခြင်းဆုလက်ဆောင်

နိဂုံးစကား ဘုရားနှင့်စကားပြောပါ




mgyoe.com

mgyoe.com SAMPLE BOOK

## နိခ်ဗူဂျီချိခ်အကြောင်း တစေ့တစောင်း



နိခ်ဗူဂျီချိခ်သည် ၁၉၈၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ မွေးဖွားခဲ့သည်။ လက်ခြေမပါဘဲ လူ့လောကထဲ ဝင်ရောက်လာခဲ့သူပီပီ သူ့ဘဝမှာ ခလုတ်ကန်သင်းများ များပြောင်လှသည်။ သို့နှင့်တိုင်အောင် ကျေးဇူးတင်တတ်သော နှလုံးသား၊ ဘဝကို အကောင်းမြင်သောစိတ်ဓာတ်၊ မြင့်မားသော ဉာဏ်ရည်ဉာဏ်သွေး၊ ကြက်ကလေးခြေထောက်သာသာ (ခြေချောင်းနှစ်ချောင်းပါ) ဘယ်ဘက်ခြေထောက်ငုတ်တိုလေးဖြင့် မရေမတွက်နိုင်သော ဘဝဒုက္ခအဖုံဖုံကို အောင်မြင်ကျော်လွှားနိုင်ခဲ့သည်။ ဤသို့အားဖြင့် သူ့အကြောင်းသည် ဘဝအောင်ပွဲ သာလျှင် ဖြစ်တော့သည်။

၂၁ နှစ်အရွယ်တွင် ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းအင်းပညာဖြင့် ပူးတွဲဒီဂရီဘွဲ့တစ်ခု ရရှိခဲ့သည်။ သူသည် သူ့ဘဝကို ခြေလက်အင်္ဂါမဲ့ လူသားမဟုတ်ဘဲ အကန့်အသတ်မဲ့လူသားအဖြစ်သာ ရှုမြင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် 'ခြေလက်အင်္ဂါမဲ့ဘဝ'(Life Without Limb) အဖွဲ့အစည်းကို တည်ထောင်ခဲ့သည်။ နိုင်ငံပေါင်း ၅၀ ကျော်သို့ လှည့်လည်ပြီး၊ လူမျိုးနှင့်ဘာသာတရား ကိုးကွယ်ယုံကြည်မှုနောက်ခံမျိုးစုံမှ သန်းချီလူသားများအား ဟောပြောပို့ချခဲ့၊ သူ့ဘဝအကြောင်း မျှဝေပြောပြခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နိခ်နှင့်ဇနီး 'ကာနအဲမီယာဟာရာ' (Kanae Miyahara) တို့မှ သားဦးလေးမွေးဖွားလာခြင်းဖြင့် ဘဝ စာမျက်နှာသစ်တစ်ခု စတင်လှောက်လှမ်းခဲ့ကြသည်။

နိခ်ကို ကမ္ဘာတစ်ဝန်းမှ မီဒီယာများက တွေ့ဆုံမေးမြန်းကြသည်။ "လူတွေက ဒီဟာကို မလုပ်နိုင်ဘူး၊ ဟိုဟာကိုလည်း မတတ်နိုင်ဘူး စသဖြင့်ပဲ ညည်းတွားနေကြတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ဘဝကိုယ် ကြည့်ပြီး ကိုယ့်မှာမရှိတာ၊ ကိုယ်လိုချင်တာလောက်ကိုပဲ အာရုံစိုက်နေရုံနဲ့တော့ အခြေအနေကို ပြောင်းလဲစေနိုင်မှာမဟုတ်ဘူး။ အမှန်ကတော့ ကိုယ့်မှာရှိနေတဲ့အရာကနေ အကောင်းဆုံးကို ဖော်ထုတ်နိုင်ဖို့ စိတ်ကို စူးစိုက်ဖို့ပါပဲ" ဟု ဖွင့်ပြောခဲ့ဖူးပေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

## "Give Me a Hug" သုံးတွဲစာစဉ်အကြောင်း

အချိန်က ပြေးလွှားပျံသန်းနေသည်။ လွန်ခဲ့သောခုနစ်နှစ်တာအတွင်း နိခ်ဗူဂျီချိခ်နှင့်လက်တွဲပြီး ကမ္ဘာပတ်ခရီးထွက်ခဲ့ကြသည်။ သူ၏ စိတ်တို့ထိစရာသက်သေခံဝေမျှချက်များဖြင့် သူတစ်ပါး၏ဘဝမျှော်လင့်ချက်နှင့်ခွန်အားပြန်ရနိုင်ရန် ကူညီခဲ့ပုံများကို မရေမတွက်နိုင်အောင် တွေ့မြင်ခဲ့ရသည်။ မယုံကြည်နိုင်စရာ အံ့ဩဖွယ်ရာခရီးစဉ်များပါ။



ကျွန်ုပ်တို့သည် ရုပ်ဝတ္ထုပစ္စည်း ပေါကြွယ်ဝလှသောခေတ်ကြီးထဲတွင် နေထိုင်ကြခြင်းဖြစ်သော်လည်း လူငယ်လူရွယ်အများစုမှာ အမှောင်ထုထဲ ပုန်းအောင်းနေကြဆဲ ရှိသေးသည်။ သူတို့၏တန်ဖိုး၊ ဘဝရည်ရွယ်ချက်၊ ပန်းတိုင်တို့ကိုမမြင်မတွေ့နိုင်ကြ။ မိမိတို့၏အိပ်မက်များကိုဖော်ဆောင်နိုင်ရန် စိတ်ဓာတ်စွမ်းအားကင်းမဲ့ကြသည်။ အမှန်တကယ်မှာ အမှားပြုလုပ်မိခြင်းဆိုတာသည်ပင် ကြီးထွားခြင်း၏ တစ်စိတ်တစ်ဒေသသာဖြစ်သော်လည်း လူတချို့မှာ တစ်ခါကျရှုံးဖူးပြီးသည်နှင့် လမ်းစပါပျောက်သွားပြီး ကိုယ်မသိသေးသောအနာဂတ်ဆီသို့ နောက်ထပ်ခြေလှမ်းတစ်ခုလှမ်းသွားရန်ကိုပင် ကြောက်ရွံ့သွားတတ်ကြတော့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ယနေ့ ကျွန်ုပ်တို့၏ လူငယ်မျိုးဆက်များသည် အင်တာနက်ကမ္ဘာထဲတွင် ကြီးပြင်းလာကြခြင်းဖြစ်ရာ အွန်လိုင်းလူမှုမီဒီယာများအားဖြင့် အခြားသူများအား အလွယ်တကူချိတ်ဆက်၊ မိတ်ဖွဲ့နိုင်ကြသည်။ သို့သော် အမှန်တကယ်တွင် ကလေးသူငယ်များလှစွာသည် မိမိတို့၏ အားနည်းခြင်းများကြောင့် အမျိုးမျိုးသော အနိုင်ကျင့်မှု၊ စော်ကားမှုများကို ခံစားနေရကြောင်း ကျွန်ုပ်တို့ကိုယ်တိုင် မြင်တွေ့နေကြသည်ကို မမေ့အပ်ချေ။ ယနေ့ကမ္ဘာကြီး၏ ခေတ်ရေစီးကြောင်းထဲတွင် လူတစ်ဦးကို တစ်မူထူးသူဟု တစ်ခါတံဆိပ် အတပ်ခံလိုက်ရပြီဆိုသည်နှင့် အခွဲခြားခံ၊ အနိုင်ကျင့်ခံရတော့သည်။ ထိုသို့အနိုင်ကျင့်ခံရမှုမျိုးသည် ကလေးသူငယ်တစ်ဦးအတွက် မဆိုထားနှင့်၊ လူကြီးများအတွက်ပင် အခံရခက်လှပေသည်။ ကျွန်ုပ်တို့၏ ကလေးငယ်များ ဤပြဿနာများကို တစ်ပါးသူ၏ အကူအညီမပါဘဲ သူတို့ဘာသာသူတို့ ရင်ဆိုင်ကြဖို့ရာ အဘယ်ကဲ့သို့များ ထားရစ်ခဲ့နိုင်ကြပါမည်နည်း။

နိခ်မှာ တစ်မူထူးစွာ မွေးဖွားလာသူဖြစ်ရာ သူ၏ ရုပ်ပိုင်းဆိုင်ရာ ထူးခြားမှုကို ဖုံးကွယ်နိုင်ရန် နည်းလမ်းမရှိသည်နှင့် နောက်ပြောင်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်းဆိုတာတွေက သူ၏ကလေးဘဝ အစောပိုင်းကာလတွင် အရိပ်ပမာကပ်ပါလာသော အရာများဖြစ်ခဲ့သည်။ သူ့ကိုယ်သူ သတ်သေရန်ပင် စဉ်းစားခဲ့ဖူးပေသည်။ သို့သော် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ယုံကြည်ခြင်းကို လက်တွေ့ပြသခြင်းသည် အဘယ်မျှလောက်တန်ခိုးကြီးမားပုံနှင့် သူ့အတွက် ဘဝအဓိပ္ပာယ်၊ ဘဝရည်ရွယ်ချက်ဆိုတာကိုပါ တစ်ပါတည်းတွေ့ရှိသွားခဲ့သည်။

ယနေ့ခေတ်တွင် လူပေါင်းများစွာသည် ဓနဥစ္စာ ဆည်းပူးရှာဖွေရန်အတွက် မိမိတို့၏ကျန်းမာရေးကိုပင် ရင်းနှီးပေးဆပ်တတ်ကြသည်။ နောက်ကျမှသာ ကျန်းမာရေးကို ငွေနှင့်ပြန်ဝယ်ရန် ထင်မြင်သမျှနည်းလမ်းများဖြင့် ကြိုးစားလုပ်ဆောင်ကြလေ့ရှိသည်။ ဖြစ်ချင်တော့လည်း အများအားဖြင့် အလွန့်အလွန် နောက်ကျသွားလေ့ရှိတတ်သည်။ ထို့အတူ အတိတ်အတွက် နောင်တ၊ ကိုယ်မမြင်ရသေးသော အနာဂတ်အတွက် စိုးရိမ်ခြင်းအားဖြင့်သာ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝကို အလွန်အကျွံအသုံးပြုနေသူများလည်း ရှိနေချေသေးသည်သာ။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့တစ်တွေခမျာ အတိတ်ကာလ၊ ယခုဘဝနှင့် ရှေ့အနာဂတ် ဘယ်သောအခါမှ လွတ်လပ်ပေါ့ပါးစွာ အသက်ရှင်နေထိုင်ရသည်ဟူ၍ မရှိနိုင်ကြရှာ။ ယင်းအပြင် တိုတောင်းလှသောဘဝ တစ်ခဏတာလေး ဘဝဆိုတာ ပျော်နိုင်တုန်းလေး ပျော်ရွှင်ဖို့ဟု ယူဆကြပြီး အပျော်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြသူတစ်မျိုးကလည်း ရှိသေးသည်။ သူတို့၏ဘဝရည်ရွယ်ချက်ဆိုတာကိုလည်း မသိကြ။ သူတို့ကို ကြည့်ရသည်မှာ ဘယ်သောအခါမှ မသေနိုင်တော့မည့်အလား၊ နောက်ဆုံးတော့လည်း သူတို့တစ်တွေ လူဖြစ်ခဲ့ဖူးသည်ဆိုတာ ဘာအထောက်အထားမှမချန်ရစ်နိုင်ခဲ့ဘဲ သေလွန်သွားကုန်ကြသည်သာ။

ကျွန်ုပ်တို့၏နောင်လာနောက်သားမျိုးဆက်သစ်များ ထိုသို့သောဘဝမျိုး၌ အဖန်တလဲလဲပြန်ကျော့ အသက်ရှင်ကြတာမျိုးကို မမြင်မတွေ့လိုတော့တာအမှန်ပါ။ နိခ်ကတော့ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၌ သူ့ဘဝ၏ရည်ရွယ်ချက်ကို ရှာဖွေတွေ့ရှိသွားခဲ့ပြီး၊ ဘုရားသခင်နှင့် ဝိညာဉ်ရေးဆက်သွယ်မှုကို တည် ဆောက်သွားခဲ့သည်။ ထိုအချိန်မှစပြီး ပေါက်ဖတ်ဘဝမှ လိပ်ပြာဘဝသို့ သူ့ကို ဘုရားသခင် ပြောင်းလဲပေးခဲ့သည်။ သူ့ဘဝပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်မှုအတိ ပြီးပြည့်စုံလျက်ရှိသည်။ နိခ်ပြောခဲ့သလိုပင် ကျွန်ုပ်တို့အားလုံး ယုံကြည်ခြင်းရှိရန်၊ မိမိတို့၏တန်ဖိုး၊ ပင်ကိုပါရမီနှင့် ဘဝရည်ရွယ်ချက်များ ရှာတွေ့သွားကြရန် လိုအပ်သည်။

အရေးအကြီးဆုံးမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် ကျွန်ုပ်တို့အတွက် အကြံအစည်တော်များကို ယုံကြည်စိတ်ချနေရန်ပင်ဖြစ်သည်။ အရာရာကို ဘုရားသခင် ကြိုတင်စီစဉ် ပြင်ဆင်ထားနှင့်ပြီးဖြစ်ရာ ပြင်ပအရာ၊ ပတ်ဝန်းကျင်မှ အကြောင်းတရားများမဟုတ်ဘဲ မိမိတို့၏ ယုံကြည်ခြင်းနှင့် သဘောထားများကသာ ကျွန်ုပ်တို့ဘဝကို ပုံသွင်းပေးခြင်းဖြစ်ကြောင်း နိခ်၏အတွေ့အကြုံများက ထင်ရှားပြသခဲ့သည်။ နိခ်၏ဘဝဇာတ်ကြောင်းအားဖြင့် မိဘများနှင့်သားသမီးများသည် စေ့ဆော်မှုခွန်အား ရရှိနိုင်မည်၊ သာ၍ ကြီးမားသောအင်အား၊ ဘဝရည်ရွယ်ချက်နှင့် တန်ဖိုးများကို တွေ့ရှိသွားပြီး အောင်မြင်ပျော်ရွှင်သောဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြမည်ဟု မျှော်လင့်မိပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK




"*Give Me a Hug*" လှုံ့ဆော်အားကြီးသော နိခ်၏ဘဝဇာတ်ကြောင်း သုံးအုပ်တွဲစာစဉ် ဖြစ်သည်။

**ပထမဆုံးစာအုပ်** "*Give Me a Hug*"
တို့ထိအားကြီးသော နိခ်၏ဘဝဇာတ်ကြောင်း ကလေးဘဝမှ အိမ်ထောင်ပြုချိန်အထိ

**ဒုတိယစာအုပ်** "*Dream Big*"
စိတ်ဓာတ်မြှင့်တင်ရေး တရားဟောဆရာတစ်ဦးဖြစ်လာပုံ နိခ်ဘဝဇာတ်ကြောင်း

**တတိယစာအုပ်** "*Believe, Belong, Become*"
ဘဝကန့်သတ်ချက်များကို အောင်မြင်ကျော်လွှားပြီး ဘုရားသခင်အားဖြင့် ခွန်အားရရှိသွားပုံ နိခ်၏ ယုံကြည်ခြင်း အသက်တာ



mgyoe.com

mgyoe.com SAMPLE BOOK

ဤသုံးတွဲစာစဉ်ကို အစဉ်လိုက်သော်လည်းကောင်း၊ မိမိစိတ်ဝင်စားမှု အခြေခံ၍သော်လည်းကောင်း ကြိုက်သလိုရွေးဖတ်နိုင်ပါသည်။ သုံးအုပ်စလုံးတွင် နိခ်သင်ခန်းစာ ရရှိခဲ့ပြီးသော ဘဝဒဿန၊ သူကြီးပြင်းလာစဉ် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသော အခက်အခဲများကို သရုပ်ဖော်ထားသည့် အခန်းရှစ်ခန်းစီ ပါဝင်သည်။ ယင်းတို့မှာ နိခ်တစ်ယောက် သူ၏ခံစားချက်၊ သဘောထားများကို ညီညွတ်ပြီး အမှောင်ထဲမှထွက်ရပ်လမ်း ပေါက်သွားပုံနှင့် အတားအဆီးအားလုံးကို အောင်မြင်ကျော်လွှားရန် မည်သို့မည်ပုံလုပ်ဆောင်ခဲ့ပုံတို့လည်း ဖြစ်ပေသည်။

ဘဝဆိုသည်မှာ တန်ဖိုးကြီးသော ဆုလက်ဆောင်ပါ။ ဤစာစဉ်ကို ဖတ်ရှုခြင်းအားဖြင့် ဘဝစိန်ခေါ်မှုများ အပါအဝင် လူတိုင်းအား ဘုရားသခင်ပေးသနားတော်မူသော ဆုလက်ဆောင်များကို ပွေ့ဖက်လက်ခံနိုင်ရန် အတွက် မိဘများနှင့် ဆရာများသည် မိမိတို့၏ ကလေးများအား လှုံ့ဆော်ပေးနိုင်၊ ကူညီသင်ကြားပေး နိုင်မည်ဟု ရိုးရိုးသားသား မျှော်လင့်မိပါသည်။ လူကြီးလူငယ် ကျွန်ုပ်တို့အားလုံးဘဝအတွက် စိတ်အား ထက်သန်မှု ကိုယ်စီရှိသင့်ကြပြီး ကျွန်ုပ်တို့လက်ဝယ်ပိုင်ဆိုင်ထားသည့်အရာများအတွက် ဝမ်းမြောက်ပျော်ရွှင်ကျေးဇူးတင်နေသင့်ပါသည်။

Ignatius Ho

"*Give Me a Hug*" စာစဉ် စာတည်းချုပ်



mgyoe.com

mgyoe.com SAMPLE BOOK



# အခန်း (၁)
# အမယ်လေး ဘယ်လိုဟာကြီးပါလိမ့်

"အမလေး၊ ဘုရားသခင်"
ကျွန်တော့်ကို ပထမဦးဆုံးအကြိမ် တွေ့မြင်ကြဖူးသူ ကလေးများစွာ ထိတ်လန့်အံ့ဩကုန်ကြတယ်။ ကျွန်တော့်ကိုယ်ခန္ဓာကို လက်ညှိုးထိုးပြီး မမေးဘဲမနေနိုင်ကြ။ "ခင်ဗျား၊ ဘာ ဘာဖြစ်တာလဲ"။ "ဆေးလိပ်ကြောင့်ပေါ့။" ကျွန်တော့်မျက်လုံးကို ကြောက်ရွံ့ဟန်ဝိုင်းပြပြီး သူတို့ကို ထပ်ခြောက်လိုက်တယ်။
ဆေးလိပ်ဟာ ကျန်းမာရေးအတွက် မကောင်းတာတော့ အမှန်ပါ။



mgyoe.com

mgyoe.com SAMPLE BOOK



ခြေလက်မပါ ကျွန်တော့်ကိုယ်ခန္ဓာကို မြင်ပြီးလို့၊ ကျွန်တော်ပြောတဲ့စကားကို ကြားပြီးတဲ့နောက်မှာတော့ သူတို့တစ်တွေ ဆေးလိပ်သောက်ကြတော့မှာ မဟုတ်ဘူးလို့ ကျွန်တော်သေချာသိနေတယ်။

ကျွန်တော့်ကိုမြင်တော့ ကြောက်ပြီး သူ့မိခင်နောက်မှာ ပုန်းကွယ်နေတဲ့ ကောင်မလေးတစ်ယောက်ကို တစ်ခါကြုံခဲ့ဖူးတယ်။ ရှေ့ခြေတစ်လှမ်းတောင် သူ မတိုးရဲတော့ဘူး။
သူ့မိခင်နောက်မှာ ကွယ်နေရင်းကနေ ကျွန်တော့်ကို ချောင်းမကြည့်ဘဲလည်း မနေနိုင်ဘူး။ ပြီးတော့ လေသံတိုးတိုးနဲ့ ပြောလိုက်တယ် . . .
"မေမေ၊ သူက ဖြိုဟ်သားပဲ။"



mgyoe.com

mgyoe.com SAMPLE BOOK

သူ့စကားကြားတော့ ထပ်ပြီး အကြောင်ရိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့ရှေ့ကိုခုန်ထွက်၊ ပါးစပ်ကို အကျယ်ကြီးဟရင်း ရင်ခေါင်းထဲက ခြစ်ထုတ်တဲ့အသံနဲ့ "ဂါး ဂါး ဂါး"လို့ အော်သံပြုပြီး သူ့ကို ကိုက်စားမယ့်ပုံ လုပ်လိုက်တယ်။ ကောင်မလေးခမျာ ကြောက်လွန်းလို့ "အား၊ အမယ်လေး၊ အမေရေ" ဆိုပြီး ငယ်သံပါအောင် အော်လိုက်တော့တာပဲ။



နောက်တစ်ခေါက်ကျတော့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ လေကြောင်းခရီးထွက်တာ။ သူတို့က ရှုးကြောင်ကြောင် အကြံတစ်ခု ထပေါက်ကြတယ်။ ကျွန်တော့်ကို လေယာဉ်ထိုင်ခုံအထက်က ပစ္စည်းထည့်တဲ့ အံပေါက်ထဲထည့်ပြီး လိုက်ခိုင်းကြတာ။



mgyoe.com

mgyoe.com SAMPLE BOOK

မကြာခင်ပဲ လူကြီးတစ်ဦး ရောက်လာတယ်။ သူ့ပစ္စည်းတွေကိုထည့်ဖို့ အံဖုံးဖွင့်တော့ ကျွန်တော့်ကိုလည်း တွေ့လိုက်ရော "အား" လို့ အော်တော့တာပဲ။ သည်လိုနေရာမျိုးမှာ အဲဒီလို ထူးဆန်းတဲ့သတ္တဝါမျိုးကို တွေ့ရမယ်လို့လည်း သူမတွေးခဲ့ဖူးဘူးကိုး။

"ဆရာ၊ တံခါးခေါက်ဖို့ မေ့သွားတယ်နော်"လို့ သူ့ဘက်ကို လည်ပင်းဆန့်ထုတ်ရင်း ကျွန်တော် ပြောလိုက်တယ်။
အဲဒီလူကြီး မျက်ကလူးဆန်ပျာ ဖြစ်နေတာကိုကြည့်ပြီး၊ ကျွန်တော့်သူငယ်ချင်းတွေကတော့ သဘောကျလွန်းလို့ ခေါင်းတွေတခါခါနဲ့ အားရပါးရ ရယ်နေကြတယ်။





mgyoe.com

mgyoe.com SAMPLE BOOK

ဟုတ်ပါတယ်၊ ကျွန်တော်ဟာ ဆေးလိပ်သောက်လို့ ဒီပုံဖြစ်သွားတာ မဟုတ်ရသလို ထူးဆန်းတဲ့ဂြိုဟ်သား၊ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ သတ္တဝါလည်း မဟုတ်ပါဘူး။

ခင်ဗျားတို့လိုပဲ၊ ကျွန်တော်ဟာလည်း လူသားတစ်ယောက်ပါ။
တစ်ခုတည်းသော ထူးခြားမှုကတော့ ကျွန်တော်က လက်မပါ ခြေဗလာနဲ့ မွေးဖွားလာတယ်၊ ဒါပါပဲ။
ဘာဖြစ်လို့ ကျွန်တော့်မှာ လက်တွေခြေတွေ
မရှိရတာလဲ။





mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ကလေးငယ်ဘဝမှာ ဘုရားသခင်ကို ဆက်တိုက် မေးခွန်းထုတ်ခဲ့တယ်။
"ဘုရားသခင်၊ ဘာဖြစ်လို့များ ကျွန်တော်ဟာ ဒီလိုပုံစံနဲ့ လူဖြစ်လာရတာလဲ။"
ဘုရားသခင် အဖြေ မပေးပါဘူး။
အမေ အဖေကလည်း ဘယ်အဖြေမှ မပေးနိုင်ခဲ့ပါဘူး။

ကျွန်တော့်ကိုကြည့်ပြီး အမြဲတမ်းပျော်ရွှင်နေသူ၊ ဟာသတွေ လျှောက်ဖောက်နေသူလို့တော့ အမြင်မမှားကြစေလိုဘူး။
ကောင်လေးတစ်ဦးဘဝမှာ ကျွန်တော်ဟာ တစ်ချိန်လုံးပဲ ဝမ်းနည်းနေရသူပါ။ လက်တွေခြေတွေ ပါမလာတဲ့အတွက် အမြဲတမ်းကို စိတ်မချမ်းမသာ ဖြစ်နေရပါတယ်။

လူတွေက ကျွန်တော့်ကို လက်ညှိုးထိုးပြီး "ခင်ဗျားမှာ ဘာလို့ လက်ခြေမပါရတာလဲ" လို့ မေးလာရင် ကျွန်တော်လုပ်နိုင်တာကတော့ ခေါင်းကိုငုံ့၊ အောက်ကိုစိုက်ကြည့်ပြီး "ကျွန်တော်လည်း မသိပါဘူး ခင်ဗျာ"လို့ ဖြေနေရပါတယ်။ ကျွန်တော့်မိသားစုထဲက လူတိုင်း. . . အဖေ အမေ၊ ညီအစ်ကို မောင်နှမ အားလုံး ခြေလက်အင်္ဂါ အစုံပါကြတယ်။

ကျွန်တော့်ကို သူများနဲ့မတူအောင် ဘာဖြစ်လို့များ ဘုရားသခင် ဖန်ဆင်းခဲ့တာလဲ။



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် နားကိုမလည်နိုင်တာပါ။
ငယ်စဉ်ကလေးဘဝကတည်းက ကျွန်တော့်ရဲ့ရုပ်သွင်ပြင်အတွက် စိတ်ပူပန်ခဲ့တာ အကြာကြီးပါ။
အခု ကျွန်တော် အရွယ်ရလာတဲ့အခါမှာတော့ လက်ခြေမပါတာကြောင့် စိတ်ကသိကအောက် ဖြစ်ရတယ်ဆိုတာ မရှိတော့ပါဘူး။ ကျွန်တော့်ကိုယ်ခန္ဓာကိုတောင်မှ ဟာသလုပ်ပြီး ပြောနိုင်နေပါပြီ။
ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ ကောင်းမြတ်တဲ့လက်တော်ထဲမှာ နေရတာပါဆိုတာ ယုံကြည်ပါ။





mgyoe.com

mgyoe.com SAMPLE BOOK

## ရည်ရွယ်ချက်အပေါ်သံသယ

'ဘာကြောင့် ဒီလောကထဲ လူလာဖြစ်ရတာလဲ။ ငါ့ဘဝရည်ရွယ်ချက်က ဘာလဲ။ ဒီဥစ္စာကို ကျွန်တော့်အပေါ် ဘုရားသခင်ဘာလို့ပေးဖြစ်တာလဲ။' အလားတူမေးခွန်းမျိုးကိုမေးခဲ့ဖူးပါသလား။ သူ့ခန္ဓာကိုယ် သူများနှင့် မတူသောကြောင့် နိခ်လည်း စိတ်မကောင်းဖြစ်ခဲ့ဖူးပါသည်။ သူများလောက်မတော်လို့ ဝမ်းနည်းပူဆွေးခံစားခဲ့ဖူးပါသလား။ ကိုယ်ပြောင်းလဲပေးလို့ မရနိုင်သည့်ကိစ္စအပေါ်ကျွန်ုပ်တို့ဘာတွေလုပ်ရမည်နည်း။ နိခ်သည် ကလေးဘဝက ဝမ်းနည်းပူဆွေး စိတ်ဓာတ်ကျလေ့ရှိခဲ့သည်။ အဘယ်ကြောင့်များ သူ့မှာ ခြေလက်မရှိရသနည်း၊ ဘဝဆိုတာ ရည်ရွယ်ချက်က ဘာလဲ၊ သူ နားမလည်နိုင် သဘောမပေါက်နိုင်ခဲ့ချေ။ သင့်ဘဝတွင် ရည်ရွယ်ချက် ဘာဆိုတာ စဉ်းစားခဲ့ဖူးပါသလား။ ဘာကြောင့် သင်ရှိနေရ၊ အသက်ရှင်နေရသနည်း။

ရွံ့ရှာဖွယ်ရာ ရုပ်ဆိုးလှသော ပေါက်ဖတ်လေးသည် လှပသည့်လိပ်ပြာငယ်လေးတစ်ကောင်အဖြစ် ရုပ်ပြောင်း သွားမည်ဆိုတာ သူ့ကိုယ်သူလည်း ကြိုတင်သိရှိနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့တစ်တွေလည်း ဘုရားသခင်၏ ဂရုတစိုက် ပြုစုခြင်းအားဖြင့် ပေါက်ဖတ်ဘဝမှ လိပ်ပြာလေးဘဝသို့ အဆင့်ဆင့်တိုးတက် ပြောင်းလဲသွားမည် ဖြစ်သည်။ ထိုဖြစ်စဉ်ကို အချို့က မြန်မြန်သွားပြီး အချို့ကတော့ အချိန်ပိုယူရသည်။ အချိန်များများ ယူပါ။ပိုးအိမ်ထဲမှ အလောတကြီး မထွက်ပါနှင့်။

ထိုဖြစ်စဉ်တစ်လျှောက်တွင် ကိုယ့်ကိုယ်ကိုယ်လည်း သံသယဝင်စရာ ရှိကောင်းရှိနိုင်သည်။ သို့သော် ယင်းသည် ပင်လျှင် ကျွန်ုပ်တို့ကို ဘုရားသခင် လုပ်စေလိုသောအရာဖြစ်သည်။ မိမိအကြောင်းမိမိသိနိုင်စေရေးအချိန်ယူရန် ဘုရားသခင်အလိုတော်ရှိသည်။ လူတိုင်း၏ဘဝကို ရည်ရွယ်ချက်တစ်ခုစီနှင့် ဘုရားသခင် ဖန်ဆင်းထားပါသည်။ ယခုလောလောဆယ်တွင် ကိုယ့်ဘဝရည်ရွယ်ချက် ရှာတွေ့ချင်မှ တွေ့ပါဦးမည်။ သို့သော် တစ်နေ့ကျလျှင်မူ ဘုရားသခင်အခွင့်ပေးတော်မူခြင်းအားဖြင့် ရောင်စုံလိပ်ပြာငယ်လေးဘဝသို့ ပုံပြောင်းသွားပါလိမ့်မည်။

ကိုယ်တော်သည် အကျွန်ုပ်၏ကျောက်ကပ်ကိုဖန်ဆင်း၍ အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော်မူပြီ။ အကျွန်ုပ် သည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသောအမှုတို့သည် အံ့ဩဖွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏စိတ် ဝိညာဉ်သည် အမှန်သိပါ၏။ (ဆာလံကျမ်း ၁၃၉း၁၃–၁၄၊ ယုဒသန်မူ မြန်မာသမ္မာကျမ်းစာ)



mgyoe.com

mgyoe.com SAMPLE BOOK



## အခန်း(၂)

# ခြေလက်များ ပေးသနားတော်မူပါဘုရား

အသက်အရွယ် ရလာတာနဲ့အမျှ ကျွန်ုပ်တို့အတွက် အရာအားလုံးကို ဘုရားသခင် ကြိုတင် ပြင်ဆင်ထားကြောင်း ကျွန်တော် နားလည်လာခဲ့တယ်။ ဒါနဲ့တောင်မှပဲ မျှော်လင့်ချက်ပျက်သုဉ်း၊ လက်မှိုင်ချရတဲ့ ဘဝကို ရောက်ခဲ့ရသေးတာပါပဲ။

ကလေးဘဝတုန်းကတော့ အများတကာလို ခန္ဓာကိုယ်မျိုးရှိဖို့ တောင့်တခဲ့ တာပါ။ ဒါကြောင့်လည်း ခြေလက်တွေပေးဖို့ပဲ ဘုရားသခင်ကို ဆက်တိုက် ဆုတောင်းလာခဲ့တာ။

ဆုတောင်းချက်တွေအတိုင်း အဖြေပေးတော်မူတယ်ဆိုရင် ကျေးဇူးကရုဏာတော်နဲ့ အံ့သြဖွယ်ရာအမှုတော်တွေကို လူတိုင်းကို ဟော ပြောမယ်လို့ ကမ်းလှမ်းလိုက်သေးတယ်။ ဘုရားသခင်က “ကောင်းပြီ” လို့များ အဖြေပေးတော်မူမလားလို့ ကျွန်တော့် ဗီရိုထဲမှာ ဖိနပ်တစ်ရန်တောင်မှ အဆင်သင့် သိမ်းထားလိုက်သေးတယ်။






mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ကျွန်တော့်ခန္ဓာကိုယ်ဟာ မနေ့ကအတိုင်းပဲဆိုတာ တွေ့ရှိဖို့အတွက်ပဲ နံနက်တိုင်းမှာ ကျွန်တော် နိုးထလာခဲ့တယ်။






mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းမှာဆို ကျောင်းနေဖက်များစွာက ကျွန်တော့်ကိုလှောင်ရယ်ပြီး အနိုင်ကျင့်ဗိုလ်ကျကြတာခံရတယ်။
ခြေလက်အင်္ဂါ အစုံပါလာတဲ့ ကျောင်းနေဖက်တွေဟာ ကျွန်တော့်ထက်ပိုသန်မာ ပိုတော်ကြသလားပဲ။ ကျွန်တော့်အနာဂတ်ကိုတောင် လှမ်းမမြင်နိုင်တော့ဘူး။
အသက်ရှစ်နှစ်မှာ ကျွန်တော့်အနာဂတ်ကို စတင်စိုးရိမ်တတ်လာတယ်။ အနာဂတ်အတွက် သံသယစိတ်တွေ အများကြီးရှိခဲ့တယ်။

အနာဂတ်မှာ-

ပညာကို ဆုံးခန်းတိုင်အောင် သင်နိုင်ပါ့မလား။

အလုပ်တစ်ခုတောင်မှ ရနိုင်ပါ့မလား။

ကျွန်တော့်ဘဝ ချစ်ရခင်ရမယ့်သူ တွေ့နိုင်ပါ့မလား။

အရာရာအတွက် စိုးရိမ်ခဲ့ရတယ်။

ကျွန်တော် သဘောကျတဲ့ တစ်စုံတစ်ဦးကို တွေ့ရရင်တောင်မှ သူ့လက်ကို ကျွန်တော် ကိုင်ရဲပါ့မလား။
ကျွန်တော့်ကိုလက်ထပ်ဖို့ သဘောတူတယ်ဆိုရင်တောင် မင်္ဂလာဆောင်ပွဲမှာ သူများတွေလို သူနဲ့ကနိုင်မှာလည်း မဟုတ်ဘူး။



mgyoe.com

mgyoe.com SAMPLE BOOK

အရည်အချင်းပြည့် ဖခင်တစ်ဦး ဖြစ်လာနိုင်ပါ့မလားဆိုတာလည်း စိုးရိမ်ရတာပါပဲ။ ကျွန်တော့် သားကို အိပ်ရာကနေ နိုးဖို့တောင်မှ တတ်နိုင်မှာမဟုတ်ဘူး ဆိုတဲ့အတွေးနဲ့ပဲ အနာဂတ်အတွက် အိပ်မက်တွေ၊ မျှော်လင့်ချက်တွေ အကုန်လုံးပဲ တစ်စစီပျောက်ကွယ်တော့တာပါပဲ။

ဒီကမ္ဘာပေါ်မှာ ဘယ်လူသားကမှ ကျွန်တော့်ရဲ့နာကျင်မှုဝေဒနာကို နားလည်ပေးနိုင်မှာ မဟုတ်ပါဘူး။ အထီးကျန်မှုနဲ့ မျှော်လင့်ချက်ကင်းမဲ့မှုတွေကို အပြင်းအထန် ခံစားနေရတယ်။

ကျွန်တော့်ဘဝ ရှေ့မှာစောင့်ကြိုနေတဲ့ ခက်ခဲတဲ့ဘဝဆိုတာကို ကြိုတင်ကြောက်နေရတယ်။ ကျွန်တော့်ကိုပြုစုဖို့ရာ မိဘတွေအပေါ်မှာပဲ ဘဝတစ်လျှောက်လုံး မှီခိုရတာမျိုးကိုလည်း မလိုလားဘူး။

ဒီလိုနဲ့ အသက်ဆယ်နှစ်ကစပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ပဲ စတင်စိတ်ကူးတော့တာပဲ။





mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ကျွန်တော့်မိဘတွေ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်ကို ဆုံးရှုံးသွားကြမယ်ဆိုရင် သူတို့ဟာ အဆုံးစွန်သော ဝမ်းနည်းပူဆွေးမှုကို ခံစားကြမှာဖြစ်တယ်။ သူတို့ နှလုံးသားကို ကျွန်တော်ဘယ်လိုလုပ်ပြီး ခွဲရက်နိုင်မလဲ။

ကျွန်တော့်မိဘတွေက ဘာသာတရား အင်မတန်ကိုင်းရှိုင်းတဲ့ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြတယ်။ ဘုရားသခင်အပေါ် သူတို့ရဲ့ယုံကြည်မှုကြောင့်ပဲ ကျွန်တော့်ကို လျစ်လျူရှုကြတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး။ ကြီးလာတော့လည်း ကျွန်တော့်အတွက် ချစ်ခြင်းမေတ္တာအပြည့်နဲ့ မိသားစုတစ်ခုကို ဖန်တီးပေးကြတယ်။

ကျွန်တော် အားငယ်တဲ့အခါတိုင်း ကျွန်တော့်မိဘတွေက အားပေးကြတယ်။ "နိခ် ဘာမှ အားမငယ်ပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါ။"

သူတို့က ကျွန်တော့်ကိုပြောကြတယ်။ "မင်းမှာ မရှိတဲ့ဟာအတွက် မင်းစိတ်ဆိုးမယ်ဆိုရင်လည်း စိတ်ဆိုးနိုင်ပါတယ်။ ဒါပေမဲ့ မင်းမှာရှိနေတဲ့ အရာအားလုံးအတွက်လည်း ဝမ်းသာသင့်ပါတယ်။ မင်းတတ်နိုင်သလောက် အကောင်းဆုံးကို လုပ်ပါ၊ ကျန်တာကိုဘုရားသခင် တာဝန်ယူသွားပါလိမ့်မယ်။"

ကျွန်တော့်မိဘတွေက ကျွန်တော့်ကို အစိုးရကျောင်းမှာပဲ ကျောင်းထားပေးကြတယ်။ ပြီးတော့ ကြက်ကလေးခြေထောက်သာသာ ကျွန်တော့်ခြေထောက်လေးကို အသုံးပြုပြီး စာရေးတတ်ဖို့၊ ကွန်ပျူတာသုံးတတ်ဖို့ပါ သင်ပေးကြတယ်။ ဒါတင်မကသေးပါဘူး။ ရေကူးတာ၊ အောက်ဆီဂျင်ဘူး ကျောပိုးပြီး ရေငုပ်တာ၊ လှိုင်းစီးတာ၊ ဘောလုံးကန်တာတွေလည်း ကျွန်တော် လုပ်တတ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်လက်အင်္ဂါ မစုံဘူးဆိုပေမဲ့ ကျွန်တော် မစိုးရိမ်တော့၊ မကြောက်ရွံ့တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပျော်ရွှင်တဲ့ဘဝတစ်ခုပိုင်ဆိုင်ဖို့ရာ လက်တွေခြေတွေ စုံလင်နေမှမဟုတ်ဘူးဆိုတာ သဘောပေါက်သွားလို့ပဲ။





mgyoe.com